Highlights from DVB Debate's Business Person's Participation in Peace Process Show

May 27, 2017

"How Businessmen role play in Peace Process?"

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆိုပြီး နိုင်ငံတကာက ကူညီပေးနေတာတွေ ရှိတယ်။ နိုင်ငံ့သယံဇာတတွေနဲ့ ကြီးပွားချမ်းသာနေတဲ့ ခရိုနီတွေကတော့ ၇ ဒေါ်လာလောက်တောင် ထည့်ဝင်တာ မတွေ့ရသေးဘူး"

ဦးသန်းစိုးနိုင် - မြန်မာ့အရေးလေ့လာသုံးသပ်သူ

---

"ခရိုနီတွေအနေနဲ့က ပါဝင်ခွင့်မရသေးလို့ ငြိမ်းချမ်းရေးကိစ္စမှာ မပါသေးတာလည်းဖြစ်နိုင်တယ်. သူတို့ကို အပြုသဘောတွေးပေးပြီး ဒီဖြစ်စဉ်မှာပါဝင်လာအောင် စည်းရုံးရမယ်လို့ မြင်ပါတယ်"

ဦးစိုးမော် - နာယက၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

---

"စီးပွားရေးလုပ်နေသူတွေ အတွက်ရော ငြိမ်းချမ်းရေးဟာ အရေးမကြီးဘူးလား? ဆရာတို့ဆွေးနွေးသွားတဲ့ စီးပွားရေးသမားအကြီးစားတွေက ၅ ရာခိုင်နှုန်းတောင် ပြည့်အောင် မရှိပါဘူး. ကျန်တဲ့ ရာနှုန်းမှာ စီးပွားရေးအသေးစားအလတ်စား သမားတွေက ဦးဆောင်နေရတာများတာပါ"

ဒေါ်ခင်သက်မောင် - တွဲဖက်အတွင်းရေးမှူး၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း

---

"ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ငြိမ်းချမ်းရေး ရန်ပုံငွေကို တကယ် ပိုင်းဝန်းပံ့ပိုးတာက အသေးစား၊ အလတ်စား စီးပွားရေးကုမ္ပဏီတွေက ထည့်ကြတာဗျ. ခရိုနီတွေထဲက မတွေ့ရသေးဘူး"

ဦးသန်းစိုးနိုင် - မြန်မာ့အရေးလေ့လာသုံးသပ်သူ

---

"ပဋိပက္ခဖြစ်မှ စီးပွားရေးအဆင်ပြေမယ့် လူတန်းစားမရှိဘူးလားလို့ မေးရင်တော့ ရှိနေတာတော့ အမှန်ပဲဗျ"

ဦးစိုးမော် - နာယက၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

---